# သိထားသင့်သော သင့်အိမ်ရှိ သင်၏အခွင့်အရေးများ

အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူများအပါအဝင် အမေရိကန်ပြည်ထောင်စုရှိ လူအားလုံးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပေးအပ်ထားသည့် အခွင့်အရေးများနှင့် အကာအကွယ်များရှိသည်။ ရဲများနှင့် လူဝင်မှုကြီးကြပ်ရေး အရာရှိများသည် ထိုအခွင့်အရေးများကို သင် အသုံးပြုလိမ့်မည်ဟု ယူဆမည် မဟုတ်ပါ။ သင်၏ အခွင့်အရေးကတ်ပြားကို ပြသခြင်း သို့မဟုတ် သင့်အခွင့်အရေးများကို ကျင့်သုံးနေကြောင်း သက်ဆိုင်ရာ အရာရှိအား ပြောပြခြင်းဖြင့် ၎င်းတို့အား အခိုင်အမာ အသိပေးရန် သင့်တွင် တာဝန်ရှိပါသည်။

အကယ်၍ သင်သည် အိမ်တွင်ရှိပြီး ICE (လူဝင်မှုကြီးကြပ်ရေး အရာရှိ) က သင့်အိမ်တံခါးကို လာခေါက်လျှင်၊ သင့်အားကာကွယ်ပေးနိုင်သော အခွင့်အရေး များရှိပါသည်။

## တံခါးဖွင့်ပေးရန် မလိုပါ

ICE အရာရှိသည် သင့်အိမ်အတွင်းသို့ တရားဝင် ဝင်ရောက်နိုင်သည့် နည်းလမ်းမှာ ယေဘုယျအားဖြင့် နှစ်ခုသာရှိသည်။

1. သင်၏ခွင့်ပြုချက် သို့မဟုတ် သင့်အိမ်ရှိ တစ်စုံတစ်ဦး၏ ခွင့်ပြုချက်ဖြင့်သော်၎င်း
2. တရားသူကြီးတစ်ဦးထံမှ ဝရမ်းဖြင့်သော်၎င်း

## အရာရှိကို သင့်အိမ်တွင်းသို့ ဝင်ရန် မဖိတ်ခေါ်သင့်ပါ

ICE က တစ်စုံတစ်ဦးကို ဖမ်းဆီးရန် သို့မဟုတ် နေအိမ်ကို ရှာဖွေရန် လာရောက်ကြောင်း ပြောလာပါက တံခါးဖွင့်ခြင်း သို့မဟုတ် သင့်အိမ်တွင်းသို့ ဖိတ်ခေါ်ခြင်းမပြုပါနှင့်။ တံခါးကိုဖွင့်ခြင်းသည် ၎င်းတို့အား ဝင်ခွင့်ပြုခြင်းဟု ယူဆနိုင်သည်။ ကလေးများအပါအဝင် သင့်အိမ်ရှိ အခြားသူများကိုလည်း ဤအချက်ကို ပြောပြထားရန် အရေးကြီးပါသည်။ သင့်ကလေး တံခါးကိုဖွင့်ခြင်းသည်လည်း ၎င်းတို့အား ဝင်ခွင့်ပြုခြင်းပင် ဖြစ်သည်။

## ICE အရာရှိက ၎င်းတို့တွင် ဝရမ်းရှိသည်ဟု ဆိုပါက ၎င်းတို့၏ သက်သေခံကတ်ပြားကို တောင်းဆိုပြီး ဝရမ်းကို သေချာစစ်ဆေးပါ၊ ဝရမ်းသည် တရားသူကြီးမှ ထုတ်ပေးသည့် ဝရမ်း သာဖြစ်ရမည်၊ အေဂျင်စီတစ်ခုခုမှ မဖြစ်ရပါ

တရားဝင် ရှာဖွေရေးဝရမ်းမပါဘဲ ICE သည် သင့်အိမ်တွင်းကို မဝင်ရောက်နိုင်ပါ။ အရာရှိများအား တံခါးဝမှသာ စကားပြောပြီး ၎င်းတို့၏ သက်သေခံကတ်ပြားနှင့် ဝရမ်းကို ပြသခိုင်းပါ။ ဝရမ်းသည် တရားဝင်ခိုင်လုံမှုရှိမရှိ သေချာ ကြည့်ရှုစစ်ဆေးပါ။

## ဝရမ်းသည် ရှာဖွေဝရမ်းဖြစ်ရမည်

ရှာဖွေဝရမ်းနှင့် ဖမ်းဝရမ်း ဟူ၍ နှစ်မျိုးရှိသည်။ ICE သည် ဖမ်းဝရမ်းဖြင့် သင့်အိမ်သို့ မဝင်ရောက်နိုင်ပါ။ ၎င်းတို့တွင် ရှာဖွေဝရမ်း ရှိရမည်။

## ဝရမ်းတွင် လိပ်စာအမှန်ရှိရမည်

အကယ်၍ ဝရမ်းရှိလိပ်စာသည် မှားယွင်းနေပါက၊ သင်ခွင့်ပြုချက်မပေးလျှင် ICE သည် သင့်အိမ်ကို ဝင်ရောက်ရှာဖွေနိုင်မည် မဟုတ်ပေ။

## ဝရမ်းတွင် တရားသူကြီး၏ လက်မှတ်ရှိရမည်

ရှာဖွေဝရမ်းများကို တရားသူကြီးတစ်ဦးမှ လက်မှတ်ရေးထိုးရပါမည်။ လူဝင်မှုကြီးကြပ်ရေးအရာရှိက လက်မှတ်ရေးထိုးထားသော ဝရမ်းသည် တရားမဝင်ပါ။ သင်ခွင့်မပြုလျှင် ICE အရာရှိမှ တရားသူကြီးလက်မှတ်ရေးထိုးမထားသော ဝရမ်းဖြင့် သင့်အိမ်ကို ရှာဖွေ၍မရပါ။

## နှုတ်ဆိတ်နေပိုင်ခွင့်ရှိသည်

ICE အရာရှိမှ တရားဝင် ဝရမ်းတစ်ခုဖြင့် သင့်အိမ်သို့ဝင်ရောက်သည့်တိုင်၊ သင်သည် နှုတ်ဆိတ်နေပိုင်ခွင့် ရှိသည်။ စကားပြောရမည်ဆိုပါက မေးခွန်းများမဖြေမီ ရှေ့နေတစ်ဦးနှင့် စကားပြောလိုကြောင်း အရာရှိအား ပြောပြပါ။

- **သင်၏ သက်သေခံကတ်ပြားကို တရားဥပဒေအရ လိုအပ်မှသာလျှင် ထုတ်ပေးပါ။***
- **မည်သည့်နိုင်ငံသားဖြစ်ကြောင်း မပြောပါနဲ့။**
- **မေးခွန်းတွေကို မဖြေပါနဲ့။**
- **စာရွက်စာတမ်း လက်မှတ်မထိုးပါနဲ့။**
- **စာရွက်စာတမ်းအတုများ မကိုင်ဆောင်ပါနဲ့။**
- **ရှာဖွေမှုကို ကိုယ်ထိလက်ရောက် မနှောင့်ယှက်ပါနဲ့။**

*မည်သည့်အချိန်တွင် သက်သေခံကတ်ပြား ထုတ်ပေးသင့်ကြောင်းကို ဒေသခံရှေ့နေနှင့် ဆွေးနွေးပါ။ ပြည်နယ်အများစုတွင် သင်၏ယာဉ်အား ရပ်တန့်စစ်ဆေးခြင်း ခံရပါက သင်၏ယာဉ်မောင်းလိုင်စင် ရှိလျှင် ထုတ်ပြရမည်။ သင်သည် တရားဝင်နေထိုင်ခွင့် အထောက်အထားရှိပြီး အမေရိကန်နိုင်ငံသား မဟုတ်ပါက သင်၏ လူဝင်မှုကြီးကြပ်ရေး သက်သေခံကတ်ပြားကို တောင်းဆိုသူ လူဝင်မှုကြီးကြပ်ရေး အရာရှိအား ပြသရပါမည်။